အမျိုးသမီးသမ္မတလောင်း
နှလုံးရည်သူ့ရဲကောင်း သပိတ်မှောက်ကျောင်းသားများ၊
သူ့ရဲကောင်း စစ်သည်တော်များ၊
ရှေ့တန်းရောက် စစ်သည်တော်အားလုံး သူ့ရဲကောင်း

# စီတော်ချိန် နေ့စဉ်သတင်းစာအယ်ဒီတာ့အာဘော်
# (၁၀၀)

## ငွေးဝေ

Design by Aung Khaing

# ကိုယ်ရေးအကျဉ်း

ဦးငွေးဝင်း(ငွေးဝေ)ကို (၂-၈-၁၉၅၈) တွင်ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၌အဖ ဦးသောကြာအောင် အမိဒေါ်ငွေသိန်းရင်တို့မှ မွေးဖွားခဲ့သည်။ ၁၉၈၆ခုနှစ်တွင် တက္ကသိုလ် စာပေးစာယူဖြင့်ဝိဇ္ဇာဘွဲ့ (ဒဿနိကဗေဒ) ရရှိခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ သတင်းစာ၊ မဂ္ဂဇင်းနှင့်ဂျာနယ်များတွင် သတင်းများ၊သတင်းဆောင်းပါးများ၊ ဆောင်းပါးများ၊သမိုင်းသုတေသန ဆောင်းပါးများ ရေးသားနေရာ ယခုအချိန်ထိဖြစ်သည်။ ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအတွက် မင်္ဂလာသတင်းပင်ဖြစ်ပါ၏။

၂၀၀၈ခုနှစ်တွင်ထွန်းဖောင်ဒေးရှင်းစာမူ၊ စာပေဆုကို ပျူမြို့ပြယဉ်ကျေးမှုသမိုင်းစာမူဖြင့် သမိုင်းစာပေဆုကို ရရှိခဲ့ပါသည်။၂၀၀၅ခုနှစ်တွင်စည်ပင်သာယာစည်ပင်ခန့်ခွဲမှု၊၂၀၀၉ခုနှစ်တွင် ပျူမြို့ပြယဉ်ကျေးမှုသမိုင်းစာအုပ်၊၂၀၁၃ခုနှစ်တွင်ပုဂံမြို့တော်ယဉ်ကျေးမှုသမိုင်းသစ်၊၂၀၁၄ခုနှစ်တွင် ရခိုင်ရာဇဝင်သမိုင်းစာအုပ်၊၂၀၁၄ခုနှစ်တွင် ဓမ္မစေတီခေါင်းလောင်းတော်ကြီးရှာပုံတော် ၊ ၂၀၁၅ခုနှစ်တွင် ရွှေတိဂုံဘုရားရာဇဝင်၊ ရွှေတိဂုံဘုရားသမိုင်းစာအုပ်နှင့် ရာခိုင်ရာဇဝင်လက်ာရခိုင်သမိုင်း စာအုပ်များ ထုတ်ဝေခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် တောင်ငူတက္ကသိုလ်၌ ကေတုမတီမည်သော တောင်ငူမြို့စာတမ်းကို ကေတုမတီနှစ်(၅၀၀)ပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲတွင်ဖတ်ကြားခဲ့သည်။ ၂၀၁၂ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် သမိုင်းအမွေအနှစ်ဖြစ်သော ဓမ္မစေတီခေါင်းလောင်းဆယ်ယူမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပန်းအလွှဲမြစ်အတွင်းမှ ဓမ္မစေတီခေါင်းလောင်းကြီးနှင့် တည်ရှိနေရာလေ့လာချက်စာတမ်း၊ ၂၀၁၂ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော ပျူနိုင်ငံတော်နှင့် ပျူလူမျိုးများစာတမ်းဖတ်ပွဲတွင် သရေခေတ္တရာနှင့်ပုဂံခေတ်ကြားဖြစ်ကာလစာတမ်း၊ ၂၀၁၃ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနကကြီးမှူးကျင်းပသော သုဝဏ္ဏဘုမ္မိမြို့ဟောင်းသမိုင်းစာတမ်းဖတ်ပွဲတွင် သုဝဏ္ဏဘုမ္မိသမိုင်းနိဒါန်းစာတမ်း၊၂၀၁၅ခုနှစ်တွင်နိုဘယ်-မြန်မာစာပေပွဲတော်တွင် ရသစာပေပြန်လည်ဖွံ့ဖြိုး တိုးတက်ရေးစာတမ်းများကို ဖတ်ကြားခဲ့ပါသည်။

တပ်မတော်(ကြည်း)၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းမျိုးတရာစာပေ၊ ခရီး သွားဂျာနယ်၊ ဇောတိကအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီ၊ ပြည်သူ့ခေတ်ဂျာနယ်တို့တွင် တပ်ကြပ်ကြီးစာရေး၊ လက်ထောက်အုပ်ချုပ်ရေးမှူး၊ ဌာနစုမှူး၊ အယ်ဒီတာ၊ လက်ထောက်အထွေထွေမန်နေဂျာ၊ အကြီးတန်းမန်နေဂျာ၊ သုတေသနမှူးအဆင့်ရာထူးများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါစံတော်ချိန်နေ့စဉ်သတင်းစာတွင် သုတေသနမှူးရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည်။

*

# အမှာစကား

စံတော်ချိန်နေ့စဉ်သတင်းစာတွင်အယ်ဒီတာ့အာဘော် (ခေါင်းကြီး) ရေးရန်အယ်ဒီတာချုပ် ဆရာရဲကျော်ခေါင်က စတင်တာဝန်ပေးခဲ့စဉ်က ကျွန်တော်ကျွမ်းကျင်သော ရေးဟောင်းသုတေသနဆိုင်ရာကိစ္စကို စတင် ရေး သား ရ န် တာ ဝ န်ပေး ခဲ့ သ ည်။ခေါင်းကြီး ရေး ရာ တွင် အဖြစ်နိုင်ဆုံး တစ်ရက်နှစ်ရက်အတွင်း ဖြစ်ပျက်ခဲ့သောသတင်းများကို အ ခြေ ခံ ၍ရေး သား ရ န် အကြံပေးသည်။ ရေးသမျှခေါင်းကြီးများကို လည်း လိုအပ်သည်များ ပြင်ဆင်၊ ဖြည့်စွက်တည်းဖြတ်ပေးခဲ့သည်။

သတင်းစာခေါင်းကြီးရေးရန်အတွက် မြန်မာစာနှင့်အင်္ဂလိပ်စာ ကျွ မ်း ကျ င် ရ န် အဓိကလိုအပ်သည်။ နိုင်ငံတကာနှင့်ပြည်တွင်းဖြစ်ရပ် များ ကို ခြုံငုံ ၍ရေး ရ သ ဖြ င့် ယင်းနှစ်ချက်လိုအပ်ခြင်းဖြစ်သည်။ ကျွန် တော့်အနေဖြင့် အင်္ဂလိပ်စာမကျွမ်းကျင်သဖြင့် ပညာရှင်စာရေးဆရာ ကြီးများ၏ဘာသာပြန်စာအုပ်များကိုအပတ်တကုတ် လေ့လာဖတ်မှုက အကျိုးပြုခဲ့သည်။ ဆရာကြီးမြသန်းတင့်၊ ဆရာကြီးပါရဂူ၊ ဆရာကြီး မောင်စူးစမ်း၊ ဆရာကြီးမောင်သာမည၊ ဆရာကြီးဖေမြင့်၊ ဆရာကြီးနိုင် သစ်၊ ဆရာကြီးမိုးသက်ဟန်စသည့် စာရေးဆရာကြီးများ၏ဘာသာ ပြ န် စာ အု ပ် မှ အချက်အလက်များကို ကောက်နုတ်ရေးသားခဲ့သည်။ ဘာသာပြန်စာရေးဆရာကြီးများကို အထူးကျေးဇူးတင်ရှိပါသည်။

ခေါင်းကြီးသမားတစ်ဦးအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးစသည်များတွင် ဗဟုသုတရှိရန် လိုအပ်သည်။ ကျွန်တော့်အနေဖြင့် တပ်သားဘဝ၊ ဦးစီးအရာရှိ၊ သမိုင်းသုတေသနသမားဘဝ၊ ဂျာနယ်လစ်ဘဝ၊ သတင်းစာသမားဘဝ၊လမ်းဘေးစာအုပ်အဟောင်းရောင်းသမားဘဝ၊ ကုမ္ပဏီတွင် စာအုပ်အရောင်းသမားဘဝ၊ ဌာနအကြီးအကဲများ၏ကိုယ်ရေးလက်ထောက်ဘဝ၊ ကုမ္ပဏီဥက္ကဋ္ဌ၏ကိုယ်ရေးအရာရှိဘဝ၊ ဘုန်းကြီးကျောင်းသားဘဝ စသည်ဖြင့် ဘဝပေါင်းစုံကျင်လည်ခဲ့ဖူးရာ ယင်းအတွေ့အကြုံများက များစွာအထောက်အကူပြုခဲ့သည်။

ခေါင်းကြီးရေးသားရန် တာဝန်ပေးအပ်ခဲ့သော အယ်ဒီတာချုပ်ဆရာရဲကျော်ခေါင်အား အထူးကျေးဇူးတင်ရှိပါသည်။ ခေါင်းကြီးဆက်ရေးရန် တိုက်တွန်းအားပေးခဲ့သော ဒုတိယအယ်ဒီတာချုပ်ဆရာမောင်လွန်းကြည်အား အထူးကျေးဇူးတင်ရှိပါသည်။လိုအပ်သမျှကူညီပေးခဲ့သော စံတော်ချိန်သတင်းစာတိုက် ဝန်ထမ်းအားလုံးအား အထူးကျေးဇူးတင်ရှိပါသည်။ ခေါင်းကြီးစာအုပ်ထုတ်ဝေရန်အတွက် ကူညီပေးခဲ့သော ကွယ်လွန်သူအစ်ကိုကြီးဦးသန်းဆွေ [သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း)]အား အထူးကျေးဇူးတင်ရှိပါသည်။စာအုပ်ထုတ်ဝေရန်အတွက် ငွေကြေးကူညီပေးခဲ့သော စတိုင်စားသောက်ဆိုင်များပိုင်ရှင် အစ်မကြီးဒေါ်ဘေဘီအုန်းအားလည်း အထူးကျေးဇူးတင်ရှိပါသည်။

ရေးပြီးသမျှခေါင်းကြီးအပုဒ်ရေ ၁၆၀ကျော်မှ ပုဒ်ရေ ၁၀၀ပုဒ်ကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။ ခေါင်းကြီးရေးရာတွင် ရေးစရာမရှိပါ က ဆင်းရဲမွဲတေနေသော ပြည်သူ့ဘဝကို အဓိကထားရေးလေ့ရှိရာ ပြည်သူများအတွက် တစ်စုံတစ်ရာအကျိုးရှိပါမည်ဟု ယူဆပါသည်။ သတင်းစာသမားများအတွက် ဤခေါင်းကြီးစာအုပ်သည် တစ်စုံတစ်ခု အကျိုးပြုမည်ဟု ယုံကြည်မိပါကြောင်း တင်ပြအပ်ပါသည်

*

## ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြန်မာ့ရှေးဟောင်းမြို့များ

ကမ္ဘာ့အမွေအနှစ်ဆိုသည်တွင် ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီး၌ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအမွေအနှစ်များကို ပိုင်ဆိုင်ထားကြပါ၏။ ယင်းအမွေအနှစ်များကို ရေရှည်တည်တံ့စေရေး၊ ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)က ၁၉၇၂ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကွန်ဗင်းရှင်း သဘောတူညီချက်ကို ထုတ်ပြန်ကြေညာခဲ့ပါ၏။

အဆိုပါ ကွန်ဗင်းရှင်းဝင်နိုင်ငံများအနေဖြင့် မိမိနိုင်ငံ၏အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်အဖြစ် တင်သွင်းခြင်းဖြစ်ပါ၏။ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ပါက ယင်းအမွေအနှစ်များကို ရေရှည်ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ထားနိုင်မည်ဖြစ်၏။ မြန်မာနိုင်ငံတွင် ရှေးဟောင်းပျူလူမျိုးများ တည်ဆောက်နေထိုင်ခဲ့သော ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းနှင့် သရေခေတ္တရာမြို့တော်ဟောင်းများကို ၂၀၁၄ခုနှစ် ဇွန်လ ၂၂ရက်တွင် ကာတာနိုင်ငံ ဒိုဟာမြို့နယ်၌ ကျင်းပသော (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီ ညီလာခံ အစည်းအဝေးက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်လိုက်ပြီဖြစ်၏။ အဆိုပါပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်

အဖြစ် သတ်မှတ်ခြင်းခံရသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ အတွက် မင်္ဂလာသတင်းပင်ဖြစ်ပါ၏။

ရှေးဟောင်းမြန်မာနိုင်ငံတွင် ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်း၊မိုင်းမောမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်း၊ တကောင်းမြို့ဟောင်း၊ သုဝဏ္ဏဘူမိမြို့ဟောင်း၊ကျိုက္ကသာမြို့ဟောင်း၊ သထုံမြို့ဟောင်း၊ ဟံသာဝတီမြို့ဟောင်း၊ ဓညဝတီမြို့ဟောင်း၊ သဲကုန်းမြို့ဟောင်း၊ တလမြို့ဟောင်း၊ ခပင်းမြို့ဟောင်း၊ မြိတ်မြို့ဟောင်း၊ မိုးကောင်းမြို့ဟောင်း၊ ပူတာအိုမြို့ဟောင်း၊ ကလေးမြို့ဟောင်း၊ ပုဂံမြို့ဟောင်း၊ အင်းဝမြို့ဟောင်း၊ မန္တလေးမြို့ဟောင်းစသည်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မြို့ဟောင်းများစွာ တည်ရှိနေပါ၏။

ယခုအခါ ရှေးဟောင်းသမိုင်းဝင် ကမ္ဘာကျော်ပုဂံမြို့ဟောင်းကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန် ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ၁၀ရက်မှ ၁၂ရက်အထိ ပုဂံ ရှေးဟောင်းသုတေသနပြတိုက်တွင် ကျင်းပနေပြီဖြစ်၏။ ပုဂံမြို့ဟောင်းတွင် ခရစ်နှစ်၁၀ရာစု၁၁ရာစုကတည်းက တည်ထားကိုးကွယ်ခဲ့သော စေတီပုထိုးများကြောင့် ကမ္ဘာကျော်ထင်ရှားနေခြင်းဖြစ်ပါ၏။

ကမ္ဘာ့အမွေအနှစ်စာရင်းသို့ ပုဂံမြို့ဟောင်း မထည့်သွင်းနိုင်ခြင်းမှာ ရှေးဟောင်းဒေသတွင် ခေတ်အဆောက်အအုံများ ဆောက်လုပ်ခဲ့မှုကြောင့်ဖြစ်ပါ။ ရှေးဟောင်းအဆောက်အအုံ စေတီ၊ ပုထိုးများကို ရှေးဟောင်းဇုန်များသတ်မှတ်၍ အမွေအနှစ်စာရင်းတင်သွင်းရန် ဆောင်ရွက်မည်ဟု ထင်မြင်မိပါ၏။ ကျန်ရှိနေသေးသော မြို့ဟောင်းများကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် စနစ်တကျကြိုတင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါ၏။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းများကြောင့် ရှေးဟောင်းမြန်မာ့

သမိုင်းသည် ထူးခြားသောပြောင်းလဲမှုများ ကြုံတွေ့ရတော့မည်ဖြစ်ပါ။ တိမ်မြုပ်ပျောက်ကွယ်နေသော ရှေးဟောင်းပျူလူမျိုးများ၊ သမိုင်းသည် သုတေသနတူးဖော်မှုများ ထိန်းသိမ်းစောင့်ရှောက်မှုများဖြင့် ကမ္ဘာပေါ်တွင် လူသိများထင်ရှားလာတော့မည်ဖြစ်။ မြေပေါ်တွင်တည်ရှိသော ရှေးဟောင်းစေတီပုထိုးများ၊ မြေအောက်မှ တူးဖော်တွေ့ရှိရသော လက်မှုအနုပညာပစ္စည်းများက လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြမြဲဖြစ်ပါ၏။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ပျူမြို့ဟောင်းများသည် အရှေ့တောင်အာရှဒေသအတွင်း အစောဆုံး ဗုဒ္ဓဘာသာယဉ်ကျေးမှု ထွန်းကားခဲ့သော မြို့ဟောင်းများဖြစ်၏။သရေခေတ္တရာပျူမြို့တော်ဟောင်းတွင် တူးဖော်တွေ့ရှိ ရ သော ရွှေပေချပ် ၂၀တွင် ပါရှိသော ပါဠိပိဋကတ်တော်များသည် ကမ္ဘာပေါ်တွင် အစောဆုံးတွေ့ရှိရသော ပါဠိစာပေများ ဖြစ်ပါ၏။

ပျူလူမျိုးများသည် ရှေးဟောင်းအိန္ဒိယအက္ခရာများကို အခြေခံ၍ ကိုယ်ပိုင်ပျူစာပေကို တီထွင်ရေးသားခဲ့ကြောင်း ပျူကျောက်စာများအရ သိရှိရပါ၏။ စာပေသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် အသက်ပင်ဖြစ်၏။ ပျူမြို့ပြများသည် စာပေကြောင့်သာ ယဉ်ကျေးမှုအထက်တန်းကျခဲ့ကြောင်း သမိုင်းသက်သေပြလျက် ရှိနေပါ၏။

**ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ပြများကြောင့် မြန်မာ့ရှေးဟောင်းမြို့ပြများသည် ထင်ရှားလာတော့မည်ဖြစ်ရာ ကျန်မြို့ဟောင်းများကိုလည်း အမွေအနှစ်စာရင်းဝင်ရန် ကြိုတင်ဆောင်ရွက်ထားသင့်ပါ၏။ ပုဂံမြို့ဟောင်းအပြင် မြောက်ဦးမြို့ဟောင်း၊ မန္တလေးမြို့ဟောင်း၊ မိုင်းမောမြို့ဟောင်းများကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန် လိုအပ်မည်ဖြစ်၏။**

နိုင်ငံတော်သမ္မတရုံး၏ ၂၈.၈.၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာ စာအမှတ်(၆၀/ ၂၀ ၁၄)တွင် ပျူမြို့ဟောင်းသုံးမြို့ဆိုင်ရာ

စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းထားကြောင်းသိရသည်။ ယင်းကော်မတီတွင် ဒုတိယသမ္မတ(၂)ကနာယက၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင်၂၁ဦးဖြင့် ဖွဲ့စည်းထားသည်။

ယင်းကော်မတီတွင် အစိုးရတာဝန်ရှိသူများသာပါဝင်၍ ပြင်ပသမိုင်းသုတေသီများ မပါရှိကြောင်းတွေ့ရသည်။ ယင်းကော်မတီတွင် အစိုးရတာဝန်ရှိသူများအပြင် သမိုင်းသုတေသီများကို ထည့်သွင်းဖွဲ့စည်းသင့်ကြောင်း စံတော်ချိန်က တိုက်တွန်းရေးသားလိုက်ရပါ၏။

၁၁.၁၀.၂၀၁၄ (စနေနေ့)

*

# ရသစာပေဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

မြန်မာနိုင်ငံတွင် ရသစာပေထွန်းပခဲ့သော ခေတ်ကာလတစ်ခုရှိခဲ့သည်။ ရသစာပေအရေးကောင်းသော စာရေးဆရာကြီးများ၏ဝတ္ထုတို၊ ဝတ္ထုရှည်လုံးချင်းစာအုပ်များကြောင့် ပြည်သူများ၏ကိုယ်ကျင့်တရားသည် ထိပ်တန်းအဆင့်၌ ရပ်တည်နိုင်ခဲ့သည်။

ရသစာပေချည့်နဲ့လာသောအခါ ပြည်သူအများတို့၏ ကိုယ်ကျင့်စာရိတ္တသည်လည်း ကျဆင်းခဲ့ရသည်။ သိပ္ပံပညာဖွံ့ဖြိုးတိုးတက်လာသောအခါ သုတစာပေသည် ထိပ်တန်းသို့ရောက်ရှိလာသည်။ လက်ရုံးရည်ကောင်းရန်အတွက် သုတစာပေလိုအပ်သလို နှလုံးရည်ကောင်းရန် ရသစာပေ မရှိမဖြစ်လိုအပ်သည်။

လက်ရုံးရည်တစ်ခုတည်းကောင်းသော ခေါင်းဆောင်၏အတ္တကြီးမားမှုကြောင့် ပြည်သူအများ ဒုက္ခရောက်နိုင်သည်။ လက်ရုံးရည်နှင့် နှလုံးရည် နှစ်မျိုးစလုံးကောင်းသော ခေါင်းဆောင်၏ ကိုယ်ချင်းစာတရားနှင့် မျှဝေခံစားခြင်း ဆင်ခြင်တုံတရားကြောင့် ပြည်သူအများ ချမ်းသာကိုရတတ်သည်။ ရသစာပေက ကိုယ်ချင်းစာတရားရှိသော လူသားကို ဖြစ်စေနိုင်သဖြင့် ရသစာပေ ပြန်လည်ဖွံ့ဖြိုးတိုးတက်ထွန်းကားရေး ဆောင်ရွက်ရန်လိုအပ်သည်။

ယခုအခါရသစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေပွဲတော်

တစ်ရပ်ကို ၂၀၁၅နှစ်ဆန်းကာလ၌ ကျင်းပရန်စီစဉ် စိုင်းပြင်းနေသည်။ မြန်မာစာရေးဆရာများ၊ ကဗျာဆရာများ၊ စာနယ်ဇင်းအယ်ဒီတာများ၊ စာကြည့်တိုက်ပညာရှင်များ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ စာနယ်ဇင်းထုတ်ဝေသူ၊ ဖြန့်ချိသူများနှင့် စာအုပ်စာပေကိစ္စတွင် စိတ်အား ထ က် သ န် သ ည့် အခြားပုဂ္ဂိုလ်များ စုပေါင်းညီညာစွာစည်းဝေးတိုင်ပင်လျက် နိုဘယ်လ်-မြန်မာစာပေပွဲတော်(Nobel-Myanmar Litcrary Festival) အမည်ဖြင့် စာ ပေ ပွဲ တော် ကို ၂၀၁၅ခုနှစ် ဇန်နဝါရီလ၁၇၊၁၈နှင့်၁၉ရက်များတွင် အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။နိုဘယ်လ်-မြန်မာစာပေပွဲတော် ကျင်းပရခြင်း၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

- နိုင်ငံတကာစာပေများ အထူးသဖြင့် နိုဘယ်လ်ဆုရပုဂ္ဂိုလ်ကျော်တို့၏ စာပေလက်ရာများဖြင့် မြန်မာစာပေကို အားဖြည့်မြှင့်တင်ရန်။

-မြန်မာနိုင်ငံတွင် စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်စားမှု၊ လေ့လာဖတ်ရှုမှု တိုးတက်လာစေရန်။

မြ န် မာ စာ ပေ ရေး သား သူ တို့ ၌ စိတ်ကူးစိတ်သန်းသစ်၊စိတ်အားထက်သန်မှုသစ်များနှင့်အတူ တီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန်။

စာပေ၏အရေးကြီးသော အကျိုးကျေးဇူးတစ်ရပ်မှာ အတွေးအမြင်ဗဟုသုတကြွယ်ဝခြင်းနှင့်အတူ သဘောထားကြီးခြင်း၊ အမြင်ကျယ်ခြင်းတို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရရှိစေခြင်းဖြစ်ကြောင်း အများပြည်သူတို့ တိုးတက်သိမြင်လာစေရန်တို့ ဖြစ်သည်။

ယင်းစာပေပွဲတော်ကြောင့် မြန်မာရသစာပေသည် အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဟု ယုံကြည်သည် ရသစာပေများ

က တိုင်းပြည်၏ဆင်းရဲမွဲတေမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချပေးနိုင်မည် ဖြစ်သည်။သုတစာပေကြောင့် ရုပ်ပိုင်းဖွံ့ဖြိုးတိုးတက်မှုကို ရသစာပေက စိတ်ဓာတ်ရင့်ကျက်မှုဖြင့် ထိန်းသိမ်း၍ အများအကျိုးသယ်ပိုးဆောင်ကြဉ်း နိုင်လာကြမည်ဖြစ်သည်။

ရသစာပေတွင် ဒဿနသဘော၊ သိပ္ပံသဘော၊ ဝိဇ္ဇာသဘော၊ အနုပညာသဘော၊ အလေ့အကျင့်သဘော၊ ပြုလုပ်မှုလုပ်ငန်းသဘောတို့ အားလုံး ပါဝင်လျက်ရှိသည်။ သိခြင်းသဘော၊ နှစ်သက်ခြင်းသဘော၊ ထာဝစဉ်ဆန်းသစ်ခြင်းသဘောတို့လည်း ပါဝင်ပါသည်။ ရသစာပေကြောင့် သူတို့သည် ဓမ္မနှင့်အဓမ္မ၊ ဉာဏနှင့်အဉာဏ၊ စွန့်လွှတ်ခြင်းနှင့် သိမ်းပိုက်ခြင်း၊ စွမ်းအားရှိနှင့်စွမ်းအားမဲ့တို့ကို ခွဲခြားသိမြင်၍ ဆင်ခြင်တွေးဆ ဆုံးဖြတ်နိုင်ကြမည်ဖြစ်သည်။

ရသစာပေတွင် ချစ်ခြင်း(သိင်္ဂါရရသ)၊ ပြုံးရယ်ခြင်း(ဟာသရသ)၊ သနားခြင်း(ကရုဏာရသ)၊ အမျက်ထွက်ခြင်း(ရုဒ္ဒရသ)၊ ရဲရင့်ခြင်း(ဝီရရသ)၊ ကြောက်ရွံ့ခြင်း(ဘယာနကရသ)၊ စက်ဆုပ်ခြင်း (ဝိဘစ္ဆရသ)၊ အံ့ဩခြင်း (အဗ္ဘုတရသ)၊ ငြိမ်းချမ်းခြင်း(သန္တရသ)ဟူ၍ ကိုးမျိုးရှိပါသည်။

ရသစာပေဖတ်ရှုကြရခြင်းဖြင့် လူ့ဘဝလောက အတွေ့အကြုံအရရင်နင့်ဖွယ်ကောင်းခြင်း(ကရုဏာ)၊ စက်ဆုပ်ဖွယ်ရာကောင်းခြင်း၊ ကြောက်ရွံ့ဖွယ်ရာကောင်းခြင်း စသည့် ခံစားမှုများသည် ဒုက္ခများမဟုတ်ဘဲ သုခများဖြစ်ထွန်းလာနိုင်သည်။ လူ့လောကခံစားမှုများနှင့် ရသစာပေလောက ခံစားမှုများသည် ပြောင်းပြန်သဘောရှိနေသည်။ ထို့ကြောင့် ရသစာပေသည် လူ့ဘောင်လောက၌ မရှိမဖြစ်လိုအပ်သောစာပေပင်ဖြစ်သည်။ ရသစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံး

စုပေါင်း လုပ်ဆောင်မှသာ အောင်မြင်မည်ဖြစ်သည်။ ရသစာပေသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ရပ်အတွက် အဓိကကျသဖြင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ကြမှ သာအောင်မြင်မည်ဟု စံတော်ချိန်က မျှော်လင့်ယုံကြည်ပါကြောင်း။

၂၈.၁၀.၂၀၁၄ (အင်္ဂါနေ့)

*

# သတင်းထောက်ကိုပါကြီးကို အကြောင်းပြု၍

အလွတ်တန်းသတင်းထောက် ကိုအောင်ကျော်နိုင် ခေါ် ကိုပါကြီး ဥပဒေမဲ့သတ်ဖြတ်ခံရမှုအတွက် တရားမျှတမှုကို လိုလားသော အရပ်ဘက်အဖွဲ့အစည်းများ ကအောက်တိုဘာ၂၇ရက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ယင်းဆန္ဒထုတ်ဖော်ပွဲတွင် ၈၈မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) အပါအဝင် အရပ်ဘက်အဖွဲ့အစည်း ၄၆ဖွဲ့တို့က ကိုပါကြီးသေဆုံးခဲ့ရခြင်းအတွက် စုပေါင်းသဘောထား ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ကြသည်။

ယင်းကြေညာချက်တွင် ကိုပါကြီးသည် ၄-၁၀၂၀၁၄ရက်တွင် ပစ်ခတ်ခံရ၍ သေဆုံးသွားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက အကြောင်းကြားလာခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည်ဟု နိုင်ငံတော်အကြီးအကဲများက ပြောကြားနေချိန်တွင် နိုင်ငံသားတိုင်း မူလအခွင့်အရေး ချိုးဖောက်ခံရမှုများ၊ အသက်အိုးအိမ်မလုံခြုံမှုများ ဒေသအနှံ့အပြားတွင် ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏သတင်းထုတ်ပြန်ချက်သည် သတင်းထိမ်ချန်မှုများ၊ သံသယဖြစ်စရာများ ရှိနေပြီး နိုင်ငံသားတစ်ဦးချင်းအနေဖြင့် ဥပဒေ

အကာအကွယ်ရရှိရန် လိုအပ်ကြောင်း ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အမှုမှန်ပေါ်ပေါက်လာစေရန် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းဖော်ထုတ်ပေးရန် တောင်းဆိုကြောင်း ဖော်ပြပါရှိသည်။

ယင်းဆန္ဒထုတ်ဖော်ပွဲတွင် ၈၈မျိုးဆက်ခေါင်းဆောင် ကိုမင်းကိုနိုင်က လက်နက်အားကိုးဖြင့် နှိပ်စက်လျှင် တို့ကိုဘယ်သူမှ အရေးယူလို့မရဘူး ဆိုသည့်စိတ်က စွဲနေကြောင်း၊ လက်နက်ရှိတိုင်း ကြောက်ရမည်ဆိုပါက ရှစ်လေးလုံးဆိုသည်မှာ ရှိလာမည်မဟုတ်ကြောင်း၊ သည်းခံခြင်းနှင့်ငုံ့ခံခြင်း ကွာခြားမှန်းသိရန် လိုအပ်ကြောင်း၊ လက်ပံတောင်းတွင် သံဃာများဖြိုခွဲခံရပုံကိစ္စများ စသောအကြမ်းဖက်မှုများမှာ စစ်တပ်နှင့်ရဲတပ်ဖွဲ့တို့ လက်ယဉ်နေသည်ကိုတွေ့ရကြောင်း၊ ဤသို့ လက်ယဉ်နေရခြင်းသည် လက်နက်ရှိသောသူက အပြစ်မဲ့ပြည်သူများကို လက်နက်ဖြင့်အနိုင်ကျင့်၍ရသည်ဆိုသော ပုံစံမျိုးကြောင့်ဖြစ်ကြောင်း ထောက်ပြခဲ့သည်။

အစိုးရနှင့်တပ်မတော်၏ သတင်းထုတ်ပြန်ချက်အရ သတင်းထောက်ကိုပါကြီး ခေါ် ကိုအောင်ကျော်နိုင်သည် ဥပဒေမဲ့သတ်ဖြတ်ခံရသဖြင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ပေါ်လွင်နေသည်။ သတင်းထောက်ကိုပါကြီးကို စက်တင်ဘာ၃၀ရက်တွင် ဖမ်းဆီးခဲ့ပြီး အောက်တိုဘာ၄ရက်၌ နယ်မြေခံတပ်လှုပ်ရှားစစ်ကြောင်းသို့ လွှဲပေးခဲ့သည်။ ကိုပါကြီးသေဆုံးမှုကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကလည်း အဆိုတင်သွင်းမေးမြန်းသင့်ကြသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက် ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်ရေးစနစ်ကို စတင်ခဲ့သည်။ သို့သော်လည်း ၁၉၆၂ခုနှစ်မှစ၍ တပ်မတော်မှ အာဏာကို ရယူခဲ့ပြီးနောက်ပိုင်း နှစ်ပေါင်း၅၀နီးပါး

တပ်မတော်က အုပ်ချုပ်ခဲ့သည်။

၂၀၁၁ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်သောလွှတ်တော်နှင့်အစိုးရ ပေါ်ပေါက်လာခဲ့သည်။ အစိုးရတာဝန်ရှိသူများသည် တပ်မတော်မှ အသွင်ပြောင်းလာသော စစ်ဗိုလ်ချုပ်များသာဖြစ်ရာ ယ ခ င် ပုံ စံ အ တို င်း သာ ဖြ စ် ကြော င်း ယခုသတင်းထောက်ကိုပါကြီးသေဆုံးခဲ့ရမှုက သက်သေပြနေသည်။

သတင်းထောက်ကိုပါကြီး အသက်သေဆုံးရမှုဖြစ်စဉ်မျိုးနောက်ထပ်နိုင်ငံသားများမဖြစ်ပေါ်စေရန် အစိုးရနှင့်တပ်မတော်ကတာဝန်ယူစီမံကွပ်ကဲသင့်သည်။

မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ဖမ်းဆီးနှိပ်စက်ခံရ၍ သေဆုံးသူများစွာရှိသော်လည်း မည်သည့်အခါမျှ သတင်းထုတ်ပြန်လေ့ မရှိခဲ့ပါချေ။

ယခုနိုင်ငံပိုင်သတင်းစာတွင် အစိုးရတာဝန်ရှိသူများနှင့် တပ်မတော်တာဝန်ရှိသူများက ပူးပေါင်း၍ သတင်းထုတ်ပြန်ခဲ့သောကြောင့် အများပြည်သူများက မတရားဖြစ်စဉ်ဟု သံသယဝင်လျက်ရှိကြသည်။

ယခုဖြစ်စဉ်သည် အစိုးရခေါင်းဆောင်များနှင့် တပ်မတော်ခေါင်းဆောင်များ၌ တာဝန်ရှိပေသည်။ သတင်းထောက်ကိုပါကြီးသေဆုံးမှုသည် ဥပဒေမဲ့သတ်ဖြတ်ခံရခြင်းဖြစ်၍ ဖြစ်ရပ်မှန်ပေါ်ပေါက်လာစေရေးအတွက် နိုင်ငံတော်ပိုင်းမှ ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ တရားမျှတစွာ စစ်ဆေးပေးနိုင်ပါရန် စံတော်ချိန်က အလေးအနက်ပြုတိုက်တွန်းလိုက်ရပါကြောင်း။ ။

၂၉.၁၀.၂၀၁၄ (ဗုဒ္ဓဟူးနေ့)

*

# ရသစာပေနှင့် နိုဘယ်-မြန်မာစာပေပွဲတော်

မြန်မာနိုင်ငံတွင် စာပေအထောက်အထားများကို ပျူမြို့ပြခေတ်ကာလကတည်းကပင် ရေးခဲ့ကြောင်း ကျောက်စာများအရ တွေ့ရသည်။ မြန်မာစာပေသည် ပုဂံခေတ်တွင် စတင်ပေါ်ပေါက်လာခဲ့ပြီး ခေတ်အဆင့်ဆင့်ကို ဖြတ်သန်းလာခဲ့သည်။

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် နိုဘယ်မြန်မာစာပေပွဲတော်ကို ၂၀၁၅ခုနှစ်ဇန်နဝါရီ၁၇ရက်မှ ၁၉ရက်အထိ သုံးရက်တိုင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်ထားပါ၏။

အဆိုပါစာပေပွဲတော်တွင် မြန်မာနိုင်ငံရှိ စာရေးဆရာများ၊ ကဗျာဆရာများ၊စာနယ်ဇင်းအယ်ဒီတာများ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ ရုပ်ရှင်အနုပညာရှင်များ၊ ဂီတပညာရှင်များ၊သဘင်ပညာရှင်များ၊ စာကြည့်တိုက်ပညာရှင်များ၊ စာနယ်ဇင်းထုတ်ဝေဖြန့်ချိသူများ၊ စာအုပ်စာပေကိစ္စတွင် စိတ်အားထက်သန်သည့် အခြားပုဂ္ဂိုလ်များက စုပေါင်းညီညာပါဝင်လျက် ပွဲတော်ကျင်းပရေး ကြိုးပမ်းဆောင်ရွက်နေကြပေပြီ။

ယင်းစာပေပွဲတော်တွင် နော်ဝေ-မြန်မာကော်မတီဥက္ကဋ္ဌ၊ နော်ဝေစာရေးဆရာအသင်း၊ နော်ဝေပန်အဖွဲ့၊ နိုဘယ်ငြိမ်းချမ်းရေး ဆုရွေးချယ်ရေးကော်မတီ၊ အမေရိကန်နှင့်နယ်သာလန်နိုင်ငံတို့မှ ငြိမ်းချမ်းရေး

စာပေရေးသားသူများ၊ ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော်တစ်ပါး၊ မြန်မာပြည် အကြောင်းရေးသားသော နိုင်ငံခြားမှစာရေးဆရာတချို့က ဟောပြော၍ အပြန်အလှန် အမေးအဖြေများ ဆောင်ရွက်ကြမည်ဟု သိရသည်

မြန်မာစာပေလောကတွင် ရသစာပေထွန်းကားခဲ့သော ခေတ်ကာလ တစ်ခု ရှိခဲ့ဖူးသည်။ ရသစာ ပေဖတ်ရှုခြင်းအားဖြင့် စာဖတ်ချင်စိတ်ကို တိုးပွားစေပါသည်။ ရသစာပေများဖြစ်သော ဝတ္ထုရှည်များ၊ ကဗျာများ၊ ဝတ္ထုတိုများကပေးသော သင်ခန်းစာမှာ ကိုယ်ကျင့်တရား ကောင်းမွန်လာမှုဖြစ်သည်။ ရသစာပေအရေးကောင်းသော စာရေးဆရာကြီးများ၏ ကဗျာများ၊ ဝတ္ထုတိုများ၊ လုံးချင်းဝတ္ထုရှည်များကြောင့် ပြည်သူအများ၏စိတ်ဓာတ် ရင့်ကျက်လာစေနိုင်သည်။

ရသစာပေကို ပြည်သူအများ ဖတ်လာကြသောအခါ ဘာသာပြန်စာရေးဆရာကြီးများက ကမ္ဘာ့အကောင်းဆုံးသော ရသဝတ္ထုရှည်များကို ဘာသာပြန်ပေးခဲ့ကြသည်။ ဘာသာပြန်ဝတ္ထုကြီးများကြောင့် ပြည်သူအများ စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်၍ ဗဟုသုတကြွယ်ဝလာခဲ့ကြသည်။ နိုင်ငံတကာဝတ္ထုရှည်ကြီးများကြောင့် ပြည်သူအများ အတွေးအခေါ် ကောင်းမွန်တိုးတက်လာပြီးအများအကျိုးသယ်ပိုးရွက်ဆောင်သူများ တိုးပွားလာခဲ့ကြသည်။

ရသစာပေသည် အာဏာရှင်ခေတ်တွင် တဖြည်းဖြည်းနိမ့်ပါးကွယ်ပျောက်လုမတတ် ဖြစ်ခဲ့ရသည်။ တစ်ပါတီအာဏာရှင်စနစ်ခေတ်မှ ပါတီစုံဒီမိုကရေစီခေတ်သို့ ကူးပြောင်းသည့်ကာလတွင် ရသစာပေ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများ ပေါ်ပေါက်လာခဲ့သည်။ ရသစာပေ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အစိုးရ၏ အကူအညီမှာ အဓိကဖြစ်သည်။ ပထမအဆင့်အနေဖြင့် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာစာပေဆု

များ ဖော်ထုတ်ပေးရန်ဖြစ်သည်။ ယင်းစာပေများကို သက်သာသော နှုန်းထားဖြင့် မြန်မာနိုင်ငံအနှံ့ ဖြန့်ချိပေးရန်ဖြစ်သည်။ ဒုတိယမှာ စာကြည့်တိုက်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။

ရသစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုဘယ်မြန်မာစာပေပွဲတော်ကို ကျင်းပတော့မည်။ မြန်မာနိုင်ငံတွင် ထင်ရှားသော စာရေးဆရာများ၊ အနုပညာရှင်များ၊ အယ်ဒီတာများ၊ ထုတ်ဝေသူများ၊ ထင်ရှားသော ပုဂ္ဂိုလ်များကို နိုဘယ်- မြန်မာစာပေပွဲတော်တွင် စုစည်းထားပြီးဖြစ်သည်။ နိုဘယ်-မြန်မာစာပေပွဲတော် ကော်မတီဝင်အားလုံးပါဝင်သော နိုဘယ်မြန်မာစာပေဖောင်ဒေးရှင်းကို ဖွဲ့စည်း၍ ရသစာပေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သင့်ကြပါ၏။

ရသစာပေသည် လူ့အဖွဲ့အစည်း၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော စာပေမျိုးဖြစ်သည်။ ရသစာပေ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုဘယ်-မြန်မာစာပေဖောင်ဒေးရှင်းကို ဖွဲ့စည်းဆောင်ရွက်ပေးပါရန် စံတော်ချိန်က တိုက်တွန်းလိုက်ရပါကြောင်း။။။

၂၇.၁၂.၂၀၁၄ (စနေနေ့)

*

# ယာဉ်ကြောပိတ်ဆို့မှု ဘယ်လိုဖြေရှင်းမလဲ

ရန်ကုန်မြို့တော်တွင် လူဦးရေတိုးပွားလာခြင်းနှင့်အတူ ယာဉ်ကြောပိတ်ဆို့မှုပြဿနာ ပိုမိုကြုံတွေ့ခဲ့ရသည်။ မြို့တော်ရန်ကုန်၏ ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုကို တာဝန်ရှိသူများက နည်းပေါင်းစုံဖြင့် ဖြေရှင်းပေးလျက်ရှိသော်လည်း အောင်မြင်မှုမရရှိသေးကြောင်း တွေ့ရသည်။

ယခုနောက်ဆုံးဖြေရှင်းနည်းမှာ ယာဉ်ကြောပိတ်ဆို့မှုများသော အဓိကလမ်းမကြီးများတွင် ကွန်ကရစ်ဘလောက်တုံးများ ချထားမှုဖြစ်သည်။ ကားလမ်းပေါ်တွင် ဘတ်စ်ကားလိုင်းနှင့် အခြားအိမ်စီးကားလိုင်းခွဲခြားသွားနိုင်ရန် ကွန်ကရစ်တုံးများ ချထားမှုပင်ဖြစ်သည်။

ယင်းကဲ့သို့ ဘတ်စ်ကားနှင့် အခြားကားများသွားရန် ခွဲခြားသတ်မှတ်လိုက်သောအခါ အိမ်စီးကားလိုင်းလမ်းကြောင်းမှာ ချောင်၍အဆင်ပြေသွားသည်ဟု ဆိုနိုင်သော်လည်း အများပြည်သူများ အသုံးပြုစီးနင်းသွားလာနေသော ခရီးသည်တင် လိုင်းကားလမ်းကြောင်းမှာ ပို၍ပင် ပိတ်ဆို့ကျပ်တည်းသွားကြောင်း သတိပြုမိသည်။

ရန်ကုန်မြို့တော် မြို့နယ်လမ်းမများတွင် ကွန်ကရစ်ဘလောက်တုံးများ ချထားရမှုအပေါ် ရှက်မိပါကြောင်း ရန်ကုန်မြို့တော်ဝန်က

စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ရန်ကုန်မြို့တော်ဝန်ဦး လှမြင့်က 'တကယ်တမ်းကျတော့ ကျွန်တော့်အနေနဲ့ ဘလောက်တုံးတွေကို မချချင်ပါဘူး။ အမှန်အတိုင်းပြောလို့ရှိရင် ရှက်လည်းရှက်မိပါတယ်။ ရှက်တယ်ဆိုတာက နိုင်ငံခြားသားတွေ တွေ့သွားမှာကိုပါ သူများနိုင်ငံတွေမှာလည်း ဘလောက်တုံးကို လိုအပ်သလောက်ပဲ ချပါတယ်။ ကိုယ်တို့နိုင်ငံမှာက ဒီဘလောက်တုံးတွေ ချတယ်ဆိုတာက စည်းကမ်းပိုင်းမှာ အားနည်းတယ်ဆိုတာကို ဖော်ပြသလိုဖြစ်တဲ့အတွက် မချလိုပါဘူး' ဟု ဒီဇင်ဘာ ၂၄ရက် မြို့တော်ခန်းမ၌ ပြောဆိုခဲ့ကြောင်း ကြားသိရသည်။

ရန်ကုန်မြို့တော်တွင် အများပြည်သူသယ်ယူပို့ဆောင်ရေးကို ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မထသ) က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့တော် သယ်ယူပို့ဆောင်ရေးသည် စည်ပင်သာယာစီမံခန့်ခွဲမှု၏ အဓိကအချက်များထဲတွင် အပါအဝင်ဖြစ်ကြောင်း အစိုးရအဖွဲ့ တာဝန်ရှိသူများက သတိပြုရန်လိုအပ်ပေသည်။

မြို့တော်သယ်ယူပို့ဆောင်ရေး တိုးတက်လာစေရန် လိုအပ်ချက်များမှာ ခရီးသွားလာရေးအတွက် လိုအပ်သည်များကို စီမံခန့်ခွဲခြင်း၊ အများပြည်သူလူထု ခရီးသွားလာရေးလုပ်ငန်းများကို အဆင့်အတန်း တိုးမြှင့်ပေးခြင်းနှင့် သယ်ယူပို့ဆောင်ရေးကောင်းမွန်ရန် ဆောင်ရွက်ပေးခြင်းတို့ဖြစ်သည်။ စီမံခန့်ခွဲမှုများမှာ ကိုယ်ပိုင်ယာဉ်များကို ပေါ့ဆစွာအသုံးပြုမှုကို ကန့်သတ်ရန် စည်းမျဉ်းများရေးဆွဲ၍ ထိန်းချုပ်ခြင်း၊ ဘတ်စ်ကားများ အသုံးပြုမှုစည်းမျဉ်းများ ရေးဆွဲ၍ထိန်းသိမ်းခြင်း၊ ယာဉ်သွားလာမှုမပြုရဒေသနှင့် လမ်းများကို သတ်မှတ်ပေးခြင်း၊ အများပြည်သူသွားလာရေး အဆင်ပြေစေရန် နည်းလမ်းများကို ပိုမိုစီမံပေးခြင်း၊ ယာဉ်သွားလာမှုများသောနေရာကို စနစ်တကျ သုတေသနပြုမှတ်တမ်းတင်၍

အကျိုးသက်ရောက်မှုကို ကြည့်ပြီးဆုံးဖြတ်လုပ်ကိုင် သွားရမည်ဖြစ်ပါ၏။

အဓိကယာဉ်ကြောပိတ်ဆို့နေသည့် မြို့တွင်းအနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း စသည့်လမ်းများပေါ်တွင် ယာဉ်ရပ်နားခွင့်ပြုခြင်းကို ပြန်လည်စဉ်းစားသင့်ပေသည်။

ယင်းနေရာများတွင် ယာဉ်ရပ်နားလိုပါက တစ်နာရီလျှင် ကျပ်တစ်သောင်း စသည်ဖြင့် တိုးမြှင့်သတ်မှတ်ကောက်ခံသင့်ပါသည်။ အဓိက ယာဉ်ကြော ပိတ်ဆို့ကျပ်တည်းမှုမှာ ယာဉ်များကြာမြင့်စွာ ရပ်နားထားမှုကြောင့် ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိခြင်းမှာ စနစ်ကျသော မြို့ပြစီမံကိန်းနှင့် 'ထုလိုက်ဖြတ်သန်း ပြောင်းရွှေ့ရေးစနစ်' ကြောင့် ဖြစ်သည်။ အဓိကအချက်မှာ အထူးခွင့်ပြုချက် (ပါမစ်)ရှိမှ ယာဉ်ရပ်ခွင့် ရှိသော နေရာမျိုးကို သတ်မှတ်ပေးခြင်းဖြစ်သည်။ ရန်ကုန်မြို့တော်တွင် အဓိကယာဉ်ကြောပိတ်ဆို့ရာနေရာများတွင် အထူးပါမစ်ရရှိသောကားများသာ ရပ်စေခြင်း၊ လမ်းဘေးဈေးသည်များကို စနစ်တကျသီးသန့်နေ ရာ သတ်မှတ်ပေးခြင်း၊ လမ်းပေါ်နှင့် ပလက်ဖောင်းပေါ်တွင် လမ်းဘေးဈေးသည်များ ဈေးမရောင်းချစေရန် ကြပ်မတ်ဆောင်ရွက်ပေးရန် စံတော်ချိန်က အကြံပြုလိုက်ရပါ၏။။

၂၈.၁၂.၂၀၁၄ (တနင်္ဂနွေနေ့)

*

# လက်ပံတောင်းတောင်ဒေသခံများ၏ ခံယူချက်

မြန်မာနိုင်ငံတွင်ကျောက်ခေတ်ကတည်းကပင် လူသားများ အခြေချနေထိုင်ခဲ့ကြောင်း ကျောက်လက်နက်ကိရိယာများ တွေ့ရှိချက်အရသိရသည်။ ယင်းကျောက်ခေတ်ကာလနေ မြန်မာရှေးဦးလူများ၏ ယဉ်ကျေးမှုကို အညာဒေသတွင် တွေ့ရှိရသဖြင့် အညာသားယဉ်ကျေးမှုဟု သတ်မှတ်ခဲ့ကြသည်။ မြန်မာသမိုင်း သုတေသနပညာရှင်များ၏ သုတေသနပြုချက်အရ ဆားလင်းကြီးမြို့နယ် မိုးကြိုးပြင်ကျေးရွာဝက်ဆိုးကုန်းတွင် ကျောက်ခေတ်ဟောင်းက အသုံးပြုခဲ့သော ကျောက်လက်နက်များနှင့်အတူ လက်လုပ်ပုဆိန်များကို တွေ့ရှိခဲ့သည်။ မိုးကြိုးပြင်ကျေးရွာသည် မြန်မာ့ကျောက်ခေတ်လူသားများ အခြေချနေထိုင်ခဲ့ကြရာ စဉ်ဆက်မပြတ် ယခုအချိန်အထိ ကျေးရွာသူ၊ ကျေးရွာသားများဆက်လက်နေထိုင်လျက် ရှိသည်။

မြန်မာ့သမိုင်းဝင် မိုးကြိုးပြင်ကျေးရွာတွင် မမျှော်လင့်ဘဲ အသက်သေဆုံးသော သွေးမြေကျသော ပဋိပက္ခတစ်ခု ဖြစ်ပွားခဲ့သည် ဒီဇင်ဘာ ၂၂ရက်တွင် ကြေးနီစီမံကိန်းမှ တရုတ်ဝန်ထမ်းများက လျော်ကြေးမယူထားသော မြေယာစီမံကိန်းဧရိယာကို ခြံခတ်ရန် ကြိုးပမ်းခဲ့သည်။ခြံစည်းရိုးခတ်မှုကို ဒေသခံတောင်သူများက ဝင်ရောက်တားမြစ်ရာမှ ဒေသခံများနှင့်ရဲတပ်ဖွဲ့၊တရုတ်ကုမ္ပဏီဝန်ထမ်း

များ နှစ်ဖက်ပဋိပက္ခဖြစ်ကာ ဒေသခံမြေယာပိုင်ရှင်ဒေါ်ခင်ဝင်း သေနတ်ထိမှန် သေဆုံးခဲ့ရသည်။ ယင်းပဋိပက္ခတွင် အခြားဒေသခံ ၂၀ခန့်လည်း ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပြဿနာသည် ၂၀၁၂ ခုနှစ်ကတည်းကပင် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ယခင်က ယင်းကြေးနီစီမံကိန်းကို နိုင်ငံခြားကုမ္ပဏီတစ်ခုနှင့် အစိုးရဝန်ကြီးဌာနတို့ ဆောင်ရွက်ခဲ့ရာ မည်သည့်ပြဿနာမှ မပေါ်ပေါက်ခဲ့ပေ။ အကြောင်းအမျိုးမျိုးကြောင့် ယင်းကြေးနီစီမံကိန်းကို တပ်မတော်ဦးပိုင်က တာဝန်ယူပြီး တရုတ်ဝပ်ပေါင်ကုမ္ပဏီကို လုပ်ငန်းဆောင်ရွက်စေရာမှ ဒေသခံများနှင့် ပြဿနာဖြစ်လာခဲ့ခြင်း ဖြစ် သည်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၏ ပထမဆုံး ဆန္ဒပြမှုကို ၂၀၁၂ ခုနှစ် ဇွန်လ ၂ ရက်တွင် ဝက်မှေးကျေးရွာမှ ဒေသခံ ၅၀ ကျော်က ဝမ်ပေါ်ကုမ္ပဏီရှေ့တွင် ပြုလုပ်ခဲ့ကြသည်။

ဝက်မှေးကျေးရွာသူ မသွဲ့သွဲ့ဝင်းအပါအဝင် အမျိုးသမီးများက ယင်းစီမံကိန်းရပ်ဆိုင်းရေးအတွက် ဆုတောင်းပွဲပြုလုပ်ခဲ့ရာ ယင်းအမျိုးသမီးများကို ရဲတပ်ဖွဲ့ကဖမ်းဆီးခဲ့သည်။ ၂၉-၁၂-၂၀၁၂ရက်တွင် ဝမ်ပေါင်ကုမ္ပဏီရှေ့တွင် သပိတ်မှောက်နေသော ရဟန်း၊သံဃာတော်များကို တာဝန်ရှိသူများက ဖြိုခွင်းရာ သံဃာတော်အများအပြား ဒဏ်ရာရရှိခဲ့သည်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို နိုင်ငံတော်မှ ဖွဲ့စည်းပေးခဲ့ပြီး အစီရင်ခံစာကို ၁၁-၃-၂၀၁၃တွင် တင်ပြပြီးဖြစ်သည်။ ယင်းအစီရင်ခံစာပါ အချက်အလက်များကို လိုက်နာမှုအားနည်းသဖြင့် ယခုလိုပြဿနာကြီးထွားလာခြင်းဖြစ်သည်။

လက်ပံတောင်းတောင်ပြဿနာသည် ပဝတ္တိနိုင်ငံခြားသားများနှင့် ဓာတိတိုင်းရင်းသားများ၏ မြေယာပိုင်ဆိုင်မှုပဋိပက္ခကြောင့် တိုင်းရင်းသားများ သေဆုံးဒဏ်ရာ ရရှိကြခြင်းဖြစ်သည်။ ဆင်းရဲနွမ်းပါးသော ဒေသခံများ၏ ခါးမဦးချ လုပ်ကိုင်စားသောက်နေသော လယ်ယာမြေများမှာ နိုင်ငံခြားသားများ၏ စီးပွားရေးအကျိုးအတွက် နစ်နာဆုံးရှုံးခဲ့ရသည်။ ယင်းဒေသတစ်ဝိုက်နေ တောင်သူယာသမားများ၏ဘဝသည် ဆင်းရဲချို့တဲ့စွာ ဖြတ်သန်းအသက်ရှင်နေရသော ဘဝများဖြစ်သည်။ တာဝန်ရှိသူများသည် ခေတ်အဆက်ဆက်တွင် ဆင်းရဲမွဲတေမှုဖြင့် နေထိုင်စားသောက်ရသော လူနေမှုအဆင့်အတန်းကိုကြည့်၍ လိုက်လျောသင့်သည်များကို ဆောင်ရွက်ပေးသင့်သည်။ ဆုံးဖြတ်ချက်ကို တစ်သမတ်တည်းမထားဘဲ ပြောင်းလွယ်၊ ပြင်လွယ်သော စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ပေးသင့်သည်။ မြစ်ဆုံစီမံကိန်းကဲ့သို့ ရပ်ဆိုင်းသင့်ပါကလည်း သတ္တိရှိရှိရပ်ဆိုင်းရန်လိုသည်။ ဒေသခံတိုင်းရင်းသားများ သဘောတူသော မြေယာများတွင်သာ စီမံကိန်းကို ဆောင်ရွက်သင့်သည်။

ဦးခေါင်းတွင် သေနတ်ဒဏ်ရာမှန်၍ သေဆုံးခဲ့သော မိုးကြိုးပြင်ကျေးရွာသူ ဒေါ်ခင်ဝင်းက 'ငါ့မှာ သား၊ သမီးတွေအမွေပေးစရာဆိုလို့ ဒီမြေပဲရှိတာ။ မြေတွေကို လျော်ကြေးလုံးဝမယူနိုင်ဘူး။ ငါ့အသက်ပဲ အသေခံမယ်' ဟုမသေဆုံးမီနှစ်နာရီခန့်က ပြောကြားခဲ့သည်။ ယင်းစကားမှာ ဒေသခံများ၏ခံယူချက်ဟု စံတော်ချိန်က သုံးသပ်ပါကြောင်း။။။

၂၉.၁၂.၂၀၁၄ (တနင်္လာနေ့)

*